
သင်ခန်းစာ ၁၀၊ စက်တင်ဘာ ၂၊ ၂၀၁၇
ပဋိညာဉ်နှစ်ခု



“အပေါ်မှာရှိသော ယေရုရှလင်မြို့မူကား၊
ခပ်သိမ်းသောငါတို့၏ အမိတည်းဟူသော ကျွန်မ
မဟုတ်သော မိန်းမဖြစ်သတည်း” (ဂလာတိ ၄း၂၆)။

ဂလာတိ ၄း ၂၁-၃၁ တွင်၊ ပေါလုက ယုံကြည်ခြင်းဖြင့်ကယ်တင်ခြင်း နှင့် အကျင့်အားဖြင့်ကယ်တင်ခြင်းနှစ်မျိုးကို ဥပမာပေးခိုင်းနှိုင်းဖော်ပြထားရာ၊ ကျွန်မ မဟုတ်သောမိန်းမ (စာရာ) ၏သားနှင့် ကျွန်မ (ဟာဂရ) ၏သား တို့ဖြစ်ကြသည်။

- အာဒံ နှင့် ဧဝ တို့နှင့်ပြုသော ပဋိညာဉ်
- အာဗြဟံနှင့်ပြုသော ပဋိညာဉ်
- စာရာ နှင့် ဟာဂရ
- ဟာဂရ နှင့် သိနာဤတောင်
- ဤရုဆလင် နှင့် ယနေ့ ဤရုဆလင်



# အာဒံနှင့်ဧဝတို့နှင့်ပြုသောပဋိညာဉ်

"ထာဝရအရှင်ဘုရားသခင် ကလည်း ကောင်းမကောင်းကို သိကျွမ်းရာအပင်မှတပါး၊ ထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏အသီးကို သင်သည် စားရသောအခွင့်ရှိ၏။ ထိုအပင်၏အသီးကိုကား မစားရ။ စားသောနေ့တွင် ဧကန်အမှန်သေရမည်ဟု လူကိုပညတ်ထားတော်မူ၏။'" (ကမာဦး ၂း၁၆၊၁၇)။

အပြစ်မဝင်ခင်(ကမ္ဘာ ၂) ပဋိညာဉ်တွင် လူသားများအတွက်အနည်းဆုံးအောက်ပါ အချက်များပါဝင်ပါသည်။



ဥပုသ်စောင့်ရန် (v. 3).



ဖန်ဆင်းရာများထိန်းသိမ်းရန် (v. 15).



တားမြစ်သောအသီးကိုမစားရန် (v. 17).

နားထောင်လျှင်အသက်ရှင်မည်ဟူသည်မှာအလွန်ရှင်းလှ၏။ မှန်ပေ၏၊ အာဒံ နှင့် ဧဝတို့သည် ထိုတောင်းဆိုချက်ပဋိညာဉ်ကိုလိုက်လျှောက်နိုင်သည့်စုံလင် သောလူသားများဖြစ်ကြသည်။

နားမထောင်သည့်အချိန်မှစပြီး၊ ဘုရားသခင်သည် ပဋိညာဉ်သစ်ဖြစ်သည့် ကျေးဇူးတော်ကိုအခြေခံသည့်ကယ်တင်ရှင်တစ်ပါးပေးမည့်ကတိတော်ကို စတင်ပြဌာန်းခဲ့သည် (ကမ္ဘာ ၃း၁၅)။





# အာဗြဟံနှင့်ပြုသောပဋိညာဉ်

"တဖန်ထာဝရဘုရား၏
နှုတ်ကပတ်တော်ရောက်လာသည်ကား၊ ဤသူသည် သင်၏အမွေခံမဖြစ်ရ။ သ
ရ။ သင်၏ကိုယ်ထဲက ထွက်သောသူသည် သင်၏အမွေခံဖြစ်လိမ့်မည်ဟု
မိန့်တော်မူပြီးလျှင်၊" (ကမ္ဘာဦး ၁၅း၄)။

အာဗြံကိုဘုရားသခင်စတင်ခေါ်သည့်အချိန် တွင်၊ "လူမျိုးကြီး"ဖြစ်စေမည်ဟုကတိပေး ခဲ့ပါသည် (ကမ္ဘာ ၁၂း၂)။

၁၀ နှစ်ခရီးနှင်ပြီးနောက်၊ အာဗြံကထိုကတိတော်ပြည့်စုံလာမည်ကိုသံသယစဖြစ်လေ၏။ "တဖန်အာဗြံကအကျွန်ုပ်အားအမျိုးအနွယ်ကိုပေးတော်မမူပါ။ အကျွန်ုပ်၏အိမ်၌ဘွားသောသူသည်၊ အကျွန်ုပ်၏ အမွေခံဖြစ်ရပါသည် တကားဟုလျှောက်ဆို၏။!" (ကမ္ဘာဦး ၁၅း၃)။



ထို့ကြောင့်၊ ဘုရားသခင်သည်အာဗြံနှင့်ခိုင်မာသောပဋိညာဉ်ကိုပူဇော်သောယဇ်ကောင်ကိုယ်ခန္ဓာထက်ခြမ်းကြား၌လမ်းလျှောက်ခြင်းအားင်းအားဖြင့်ဖွဲ့ခဲ့သည် (ကမ္ဘာ ၁၅း၉-၂၁)။ ထိုသို့ပြုလုပ်ခြင်းအားဖြင့်၊ ဘုရားသခင်ကမိမိပြုသောပဋိညာဉ်ကိုမိမိအသက်နှင့်အာမခံ လေ၏။ နောက်ဆုံးတွင် သူ၏အသက်ကိုကရာနီကုန်းထက်တွင်အသေခံခြင်းဖြင့်ကတိတော်ကိုတည်စေခဲ့သည်။

# စာရာနှင့်ဟာဂေရ

“ဣရှမေလသည် ရှေ့တော်၌ အသက်ရှင်ပါစေသောဟု၊ ဘုရားသခင်ကို လျှောက်သောအခါ၊ (...) ဣရှမေလအမှု၌ကား၊ သင်၏ စကားကို ငါနားထောင်၏။ (...) သို့သော်လည်း၊ နှောင်နှစ်၊ ချိန်းချက်သောအချိန်တွင်၊ စာရာသည် သင်အားဘွားလတံ့သော သားဣဇာက်၌၊ ငါ၏ပဋိညာဉ်ကို ငါတည်စေမည်ဟု မိန့်တော်မူပြီးလျှင်” (ကမ္ဘာဦး ၁၇:၁၈-၂၁)။



အာပြံ၏ပထမအမှားမှာ ကတိတော်ပြည်ကိုစွန့်ပြီး အီးဂျစ်သွားရန်ဖြစ်သည်။ ဖာရောဘုရင်ကစာရာကိုပေးသောတစ်ချို့သောအီဂျစ်ကျွန်များက အာပြံနောက်လိုက်များနှင့်ရောပါလာသည်။ ဟာဂေရသူတို့ထဲကတစ်ဦးဖြစ်သည်။



စာရာသည်အမြုံမဖြစ်ရာ၊ ကတိတော်ကို(၁၀)နှစ်အကြာစောင့်ပြီးနောက်၊ သူ့ကျွန်မက ကလေးမွေးပေးလျှင်သူကအစားပြုမိခင်ဖြစ်လာနိုင်မည်ဟုထင်ခဲ့သည်။

ထို့ကြောင့်၊ဣရှမေလသည်”ဇာတိပကတိ၏သား”လူ့အားထုတ်မှု၏ရလဒ်ဖြစ်နေစဉ်တွင် ဣဇက်သည် “ကတိတော်အားဖြင့်ဖွားသောသား”စာရာ၏သား၊ ယုံကြည်ခြင်း၏ရလဒ်ဖြစ်သည် ဂလာ ၄:၂၃။

# ဟာဂရ နှင့် သိနာတောင်

"အကြောင်းမူကား၊ ဟာဂရသည် အာရပ်ပြည်၌ရှိသော သိနာတောင်ဖြစ်၏။ ယခုရှိသောယေရု
သောယေရုရှလင်မြို့နှင့်တူ၏၊ မိမိသားများနှင့် တကွကျွန်ခံရ၏" (ဂလာတိ ၄း၂၅)။

သိနာတောင်ကပဋိညာဉ်သည်("ငါ့စကားကိုအမှန်နားထောင်လျှင်၊"ထွက် ၁၉း၅)ဟုဘုရားသခင်၏ကောင်းကြီးနှင့်၊ကတိတော်များတွင်ယုံကြည်ခြင်းရှိကြောင်းတုံ့ပြန်ရာ၌နာခံခြင်းကိုမိတ်ဆက်ပေးခဲ့သည်။ သို့စေကာမူ၊လူထုသည်ထိုပဋိညာဉ်ကိုသူတို့ခွန်အားဖြင့်စုံလင်စေရန်ကြိုးစားပြီးယုံကြည်ခြင်းကိုဒုတိယအဆင့်၌ထားသောကြောင့်မစောင့်ရှောက်နိုင်ခဲ့ချေ(ဟေ ၄း၂၊ ထွက် ၁၉း၈)။





အာဗြဟံနှင့်စာရာတို့သည်ဘုရားသခင်၏ကတိတော်စုံလင်လာစေရန်ကူညီကြသကဲ့သို့၊ ဣသရေလလူမျိုးတို့ကလည်းဘုရားသခင်၏ကျေးဇူးတော်ဆိုင်ရာပဋိညာဉ်ကို အကျင့်ဆိုင်ရာပဋိညာဉ်အဖြစ်သို့ပြောင်းလဲစေကြသည်။ ဟာဂရသည်လူ့ကြိုးစားမှု(အကျင့်)ကြောင့်ကယ်တင်ခြင်းရရန်ကြိုးစားမိသောသိနားတောင်ကိုပုံဆောင်ပါသည်။



# ဣရှမေလ နှင့် ဣဇက်

"ထိုအခါ ဇာတိပကတိအားဖြင့် ဘွားသောသားသည် ဝိညာဉ်တော်အားဖြင့် ဘွားသောသားကို ညှဉ်းဆဲကဲ့သို့၊ ထိုနည်းတူ ယခုပင်ဖြစ်၏" (ဂလာတိ ၄း၂၉)။



ယုဒလူတို့သည်သူတို့၏ကောင်းသောအကျင့်အားဖြင့်ကယ်တင်ခြင်းရနိုင်မည်ဟုထင်ကြသည်။ သူတို့ဘာသာရေးအသက်တာ၏ဗဟိုချက်သည် ယေရုရှလင် နှင့် ဗိမာန်တော် တို့ဖြစ်သည်။ သို့ဖြစ်၍သူတို့သည် စင်စစ် ဟာဂရကဲ့သို့ ကျွန်ဖြစ်နေရရှာသည် (ဂလာတိ ၄း၂၅)။

အကျင့်အားဖြင့်ကယ်တင်ခြင်းနှင့်ယုံကြည်ခြင်းအားဖြင့်ကယ်တင်ခြင်းသည်လုံးဝနိုင်ယှဉ်နိုင်စရာမရှိချေ။ ကျွန်ပ်တို့အနေဖြင့် ဤကယ်တင်ခြင်းဆိုင်ရာနှစ်မျိုးထဲမှ တစ်မျိုးမျိုးကို "နှင်ထုတ်"ရမည်(ဂလတိ၄း၃၀)။





ဣရှမေလသည်ဣဇက်၏
အမွေကိုယူရန်သူ့ကို
လှောင်ပြောင်သရော်၏။
"ဇာတိ၏သား"
သည်လည်း
"ဝိညာဉ်၏သား"
ကိုလှောင်ပြောင်သရော်၏။

"သင်၏အမျိုးအနွယ် အားဖြင့်လည်း၊လူမျိုးအပေါင်း
တို့သည်ကောင်းကြီးမင်္ဂလာကိုခံရကြလိမ့်မည်" (ကမ္ဘာ ၂၆း၄)။

ဟာဂရသည်ဖာရောဓ၏လက်ဆောင်၊ကျွန်မဖြစ်ပြီး၊
စာရာသည်အာဗြဟံ၏တရားဝင်ဇနီးဖြစ်သည်။

ဣရှမေလသည်ရုန်းရင်းဆန်ခပ်ပြုပြီး၊
ဣဇက်သည်ငြိမ်သက်ငြိမ်းချမ်းသည်။

လူအချို့သည်သိနားတောင်ကိုကြည့်ပြီးအကျင့်အား
ဖြင့်ကယ်တင်ခြင်းရရန်ကြိုးစားပြီး၊ ကျွန်ုပ်တို့မှာ ခရစ်
တော် ကိုကြည့်ပြီးယုံခြင်းဖြင့်ကယ်တင်ခြင်းရသည်။

လူတစ်ချို့ကဒီဘဝတွင်သူတို့လုပ်နိုင်သမျှကိုကိုးစားကြပြီး၊
ကျွန်ုပ်တို့မှာဘုရားပြုထားပြီးသောအရာ၌ကိုးစား ကြသည်။

လူတစ်ချို့ကသူတို့အကျင့်၏ကျွန်ဖြစ်ကြပြီး၊ ကျွန်ုပ်
တို့သည်ကယ်တင်ရှင်သခင်ယေရှု၌လူလွတ်ဖြစ်၏။

| အာဗြံ | |
|---|---|
| ဟာဂရ | စာရာ |
| ဣရှမေလ | ဣဇက် |
| သိနာတောင် | ကတိတော် |
| မြေကြီး ယေရုရှလင် | ကောင်းကင် ယေရုရှလင်သစ် |
| ကျွန် | လူလွတ် |